# အသိပေးကြေညာချက်

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်

၁။ မိုဘိုင်းလက်ကိုင်ဖုန်းသုံးစွဲသူ ပြည်သူများအနေဖြင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး နိုင်ငံတော်သို့ ကျသင့်ခွန်များပေးဆောင်ထားသည့် မိုဘိုင်းလက်ကိုင်ဖုန်းများကို ပြည်တွင်းတွင် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန် ၂၀၂၆ ခုနှစ်၊ မတ်လ ပထမပတ်မှစ၍ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (CEIR) အား စတင်အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိုဘိုင်းလက်ကိုင်ဖုန်းများ၊ မိုဘိုင်းကွန်ရက်သုံးဆက်သွယ်ရေးပစ္စည်းများ ပြည်ပမှတင်သွင်းလိုသည့် ကုမ္ပဏီများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ကျသင့်ခွန်များကိုပေးဆောင်ပြီးပါက CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း CEIR နှင့် EIR စနစ် စီမံကိန်းဦးစီးကော်မတီမှ ထုတ်ပြန်ထားပါသည်။

၂။ သို့ဖြစ်ပါ၍ မိုဘိုင်းလက်ကိုင်ဖုန်းများ၊ မိုဘိုင်းကွန်ရက်သုံးဆက်သွယ်ရေးပစ္စည်းများ ပြည်ပမှတင်သွင်းခြင်းအတွက် တရားဝင်သွင်းကုန်လိုင်စင် လျှောက်ထားရယူ၍ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရန် လိုအပ်ပါကြောင်း အသိပေးအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန